စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

ရွှေဘိုခရိုင်

# ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း) တစ်ဧက အထွက်နှုန်းတိုးတက်ဖို့ သိပ္ပံနည်းကျစိုက်ကြစို့

ဒေါ်အေးမြသင်း
ဒုတိယဦးစီးမှူး
ရွှေဘိုခရိုင်

# ရွှေဘိုခရိုင်တွင် ရွှေဘိုပေါ်ဆန်းစပါး စတင်စိုက်ပျိုးခဲ့သည့် နောက်ခံသမိုင်း

- ၁၉၉၇-၉၈ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဗုံလုံကျေးရွာမှ ပေါ်ဆန်းဘေးကြားစပါးမျိုး (၄) ပြည်ယူဆောင်ခဲ့ပြီး ရွှေဘိုမြို့နယ်၊ သီးလုံးကျေးရွာတွင် စတင်စမ်းသပ်စိုက်ပျိုးခဲ့သည်။

- ၂၀၀၄-၀၅ ခုနှစ်တွင် ရွှေဘိုမြို့နယ်၊ ချီပါမျိုးသန့်ခြံသည် DAR မှ (R.S)အဆင့်ရှိ ပေါ်ဆန်းဘေးကြား တင်း (၆၀)သယ်ယူ၍ စတင်မျိုးပွားခဲ့ခြင်း၊ သီးလုံး ကျေးရွာ အကျိုးဆောင်တောင်သူများနှင့် မျိုးပွားခြင်း ဆောင်ရွက်ခဲ့ပြီးနောက် နှစ်စဉ်ဆက်တိုက် ကျယ်ကျယ်ပြန့်ပြန့်မျိုးသန့်ပွားများ ဆောင်ရွက်ခဲ့ပါသည်။

- ၂၀၁၀ ခုနှစ်မှစ၍ ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချရသည့်အပြင် အခြားဒေသများသို့ပါ တင်ပို့ရောင်းချရသဖြင့် ဈေးကွက်ခိုင်မာသော စပါးဖြစ်ပါသည်။

# ရွှေဘိုခရိုင်၏ မြေယာအသုံးချမှုအခြေအနေ

| စဉ် | အကြောင်းအရာ | ၂၀၂၃ ခုနှစ် | |
|---|---|---|---|
| | | ဧက | ရာနှုန်း |
| ၁ | စိုက်ပျိုးနိုင်သောမြေ | ၁၁၆၇၅၀၄ | ၅၉% |
| (က) | အသားတင်စိုက်ပျိုးနိုင်သောမြေ | ၁၁၆၁၈၄၂ | ၅၈% |
| | - လယ်မြေ | ၆၄၆၃၉၁ | ၅၅% |
| | - ဆည်ရေသောက်လယ်မြေ | ၄၄၀၇၀၈ | ၆၈% |
| | - မိုးကောင်းသောက်လယ်မြေ | ၂၀၅၆၈၃ | ၃၂% |
| | - ယာမြေ | ၄၈၉၇၉၄ | ၄၂% |
| | - ကိုင်း/ ကျွန်းမြေ | ၁၇၄၄၂ | ၂% |
| | - ဥယျာဉ်မြေ | ၈၂၁၅ | ၁% |
| (ခ) | လုပ်မြေ | ၅၆၆၂ | ၁% |
| ၂ | မြေရိုင်း | ၄၆၁၉၄ | ၃% |
| ၃ | တောရိုင်း | ၇၉၇၆၄ | ၄% |
| ၄ | ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော | ၃၉၅၈၂၇ | ၁၉% |
| ၅ | စိုက်ပျိုးခြင်းမပြုနိုင်သောမြေ | ၃၀၃၄၄၀ | ၁၅% |
| | စုစုပေါင်း | ၁၉၉၂၇၂၉ | ၁၀၀% |

# ရွှေဘိုခရိုင်၏ လအလိုက် မိုးရွာသွန်းမှု အခြေအနေ



| စဉ် | လအမည် | ပုံမှန် | | ၂၀၂၁ ခုနှစ် | | ၂၀၂၂ ခုနှစ် | |
|---|---|---|---|---|---|---|---|
| | | ရက် | လက်မ | ရက် | လက်မ | ရက် | လက်မ |
| ၁ | ဇန်နဝါရီ | – | ၀.၁၁ | - | - | - | - |
| ၂ | ဖေဖော်ဝါရီ | – | ၀.၀၅ | - | - | - | - |
| ၃ | မတ် | – | ၀.၁၂ | - | - | - | - |
| ၄ | ဧပြီ | ၂ | ၀.၈၄ | ၁ | ၀.၂၁ | ၂ | ၁.၁၈ |
| ၅ | မေ | ၆ | ၄.၂၀ | ၈ | ၃.၇၄ | ၁၀ | ၁၀.၆၄ |
| ၆ | ဇွန် | ၆ | ၄.၀၁ | ၆ | ၂.၉၄ | ၂ | ၂.၃၉ |
| | မိုးဦးပေါင်း | ၁၄ | ၉.၃၃ | ၁၅ | ၆.၈၉ | ၁၄ | ၁၄.၂၁ |
| ၇ | ဇူလိုင် | ၅ | ၂.၂၉ | ၉ | ၆.၄၈ | ၅ | ၄.၂၈ |
| ၈ | ဩဂုတ် | ၉ | ၆.၈၁ | ၁၃ | ၁၁.၄၈ | ၇ | ၄.၈၅ |
| | မိုးလယ်ပေါင်း | ၁၄ | ၉.၁၀ | ၂၂ | ၁၇.၉၆ | ၁၂ | ၉.၁၃ |
| ၉ | စက်တင်ဘာ | ၉ | ၆.၆၇ | ၁၃ | ၁၀.၆၆ | ၇ | ၅.၃၄ |
| ၁၀ | အောက်တိုဘာ | ၇ | ၅.၆၁ | ၃ | ၁.၆၂ | ၇ | ၅.၂၂ |
| ၁၁ | နိုဝင်ဘာ | ၁ | ၀.၄၈ | ၁ | ၀.၃၀ | - | - |
| ၁၂ | ဒီဇင်ဘာ | ၁ | ၀.၂၂ | - | ၀.၁၂ | - | - |
| | မိုးနှောင်းပေါင်း | ၁၈ | ၁၂.၉၈ | ၁၇ | ၁၂.၇၀ | ၁၄ | ၁၀.၅၆ |
| | စုစုပေါင်း | ၄၆ | ၃၁.၄၁ | ၅၄ | ၃၇.၅၅ | ၄၀ | ၃၃.၉၀ |

# ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း) စပါး တစ်ဧက အထွက်နှုန်းတိုးတက်ဖို့ သိပ္ပံနည်းကျ စိုက်ပျိုးကြစို့

- စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်သည် နှစ်စဉ် သဖန်းဆိပ်ဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးရာတွင် ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း) စပါးကို (၇၀%) ထိ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော ခရိုင် တစ်ခု ဖြစ်သည့်အတွက် ပေါ်ဆန်းစပါး၏ အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်ရေး သည်အရေးကြီးသော ပညာပေးလုပ်ငန်းများအဖြစ် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိ ပါသည်။

- ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း) စပါးမျိုးကို သိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄)ချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် အရည်အသွေးကောင်းပြီး အမှန် တကယ်အထွက်နှုန်း တိုးတက်ရရှိသည်ကို တောင်သူများကျယ်ကျယ်ပြန့်ပြန့် လက်တွေ့ သိမြင် လိုက်နာဆောင်ရွက် နိုင်ရန်အတွက်တစ်ကွင်းတစ်စပ်တည်း ဧက(၁၀၀) စံပြကွက်များ ပြုလုပ် ပြသခြင်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

# ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း)စပါးကို သိပ္ပံနည်းကျစိုက်ပျိုးရခြင်း၏ရည်ရွယ်ချက်

- အရည်အသွေးကောင်းစပါးမျိုး ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း) ကိုသိပ္ပံနည်းကျ စိုက်ပျိုးပြီး တစ်ဧက အထွက်နှုန်း တိုးတက်စေရန်
- သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို တိတိကျကျလိုက်နာဆောင်ရွက်ခြင်းဖြင့် စပါး အထွက်နှုန်း တိုးတက်သည်ကို တောင်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန်
- ဈေးကွက်ခိုင်မာသော ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း)စပါးအရည်အသွေးနှင့် အထွက် နှုန်းတိုးတက်ပြီး တောင်သူများ ဝင်ငွေပိုမိုရရှိစေရန်
- ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပတင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိစေရန်

# ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း)စပါးကို သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် တစ်ဧက အထွက်နှုန်းတိုးတက်ရေး ဧက(၁၀၀) စံပြကွက်ဆောင်ရွက်ရခြင်း အကြောင်းအရင်း

- ရွှေဘိုခရိုင်တွင် ဧရိယာအများဆုံး စိုက်ပျိုးလျက်ရှိသော ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း) စပါးမျိုး၏ အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းကောင်းများ ရရှိစေရန်
- ရွှေဘိုခရိုင်အတွင်းရှိ တောင်သူများသည် ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း) စပါးကို သမရိုးကျစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးခြင်းအစား ပန်းတိုင်အထွက်နှုန်းအထက်ထွက်ရှိစေသော သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို လက်တွေ့ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်

# ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း) စပါး တစ်ဧက အထွက်နှုန်းတိုးတက်ရေး သိပ္ပံနည်းကျစိုက်ပျိုးနည်းစံပြကွက် ဆောင်ရွက်ချက်များ

| | |
|---|---|
| ❖ စံပြကွက်ဆောင်ရွက်သည့် မြို့နယ် | – ရွှေဘိုမြို့နယ် |
| ❖ စံပြကွက်ဆောင်ရွက်သည့် ကျေးရွာ | – မြင်းချင်းကျေးရွာ |
| ❖ စံပြကွက်ဆောင်ရွက်သည့် ကွင်းပေါင်း | – ၂ ကွင်း |
| ❖ စံပြကွက်ဆောင်ရွက်သည့် တောင်သူပေါင်း | – ၂၅ ဦး |
| ❖ စံပြကွက်ဆောင်ရွက်သည့် ဧကပေါင်း | – ၁၀၀ဧက |
| ❖ မျိုးစေ့အဆင့် | – မျိုးသန့်မျိုးပွားမျိုးစေ့ (R S) |
| ❖ မျိုးစေ့နှုန်း | – တစ်ဧက (၆) ပြည် မှ (၁)တင်း |
| ❖ ပျိုးထောင်ရက် | – ၂၀.၇.၂၀၂၁ မှ ၃၁.၇.၂၀၂၁ ထိ |
| ❖ စိုက်ပျိုးရက် | – ၉.၈.၂၀၂၁ မှ ၁၆.၈.၂၀၂၁ ထိ |
| ❖ ရိတ်သိမ်းရက် | – ၂၀.၁၂.၂၀၂၁ မှ ၃၀.၁၂.၂၀၂၁ ထိ |

# ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း) စပါး တစ်ဧက အထွက်နှုန်းတိုးတက်ရေး ဧက(၁၀၀) စံပြကွက်တွင် သိပ္ပံနည်းကျစိုက်နည်းစနစ် ဆောင်ရွက်ချက်များ

- ဧက(၁၀၀) စံပြကွက်၌ ပျိုးထောင်ရာတွင် မျိုးစေ့အလေအလွင့်နည်းစေရန် နှင့် ပျိုးပင်ကြီးထွားမှု သန်မာစေရန်အတွက် ဘောင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခဲ့ပါသည်။

- ပျိုးသက် (၁၈–၂၀) ရက်သားတွင် ပျိုးချေးမခါ၊ ပျိုးမစည်းဘဲ ချက်ချင်းနှုတ်၊ ချက်ချင်းပြောင်းရွှေ့ စိုက်ပျိုးခဲ့ပါသည်။

- ပျိုးပင်ကို (၁" - ၁.၅") အနက်ထက်မပိုစေဘဲ လက်ဆ(၂–၃)ပင်နှုန်းဖြင့် ပင်ကြား၊တန်းကြားအကွာအဝေး (၈"×၈") ဖြင့် (၁၀)တန်း(၁)တန်းလှပ် စိုက်ပျိုးခဲ့ပါသည်။

- ရေသွင်းရေထုတ်မှန်ကန်စွာဆောင်ရွက်ခြင်းတွင် စိုက်ခင်းသို့ပြောင်းရွှေ့စိုက်ပြီးနောက် (၂)ပတ်အတွင်း ရေမမြုပ်စေရန် ဂရုပြု၍ရေသွင်းရေခမ်းစနစ်ကျင့်သုံးဆောင်ရွက်ခဲ့သည်။ မှို့ကပ်ချိန်နှင့် ရင့်မှည့်ချိန်ကြားတွင် သွင်းရေလုံလောက်အောင် ထားရှိဆောင်ရွက်ခဲ့ပါသည်။

# ရွှေဘိုမြို့နယ်၏ သိပ္ပံနည်းကျစိုက်နည်း စနစ်ဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေး ဧက (၁၀၀)စံပြကွက် ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓါတ်ပုံများ





ဘောင်စနစ်ဖြင့် ပျိုးထောင်ထားရှိပုံ



ပျိုးချေးမခါပျိုးမစည်းဘဲ ပျိုးနုတ်နေပုံ



ချက်ချင်းနုတ် ချက်ချင်းစိုက်နေပုံ



၁၀တန်း ၁တန်းလှပ် စိုက်ပျိုးထားပုံ

# ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း) စပါး တစ်ကေ အထွက်နှုန်းတိုးတက်ရေး ကေ(၁၀၀) စံပြကွက်တွင် သိပ္ပံနည်းကျစိုက်နည်းစနစ် ဆောင်ရွက်ချက်များ

- သွင်းအားစုအနေဖြင့် တစ်ကေလျှင်
  - မြေခံ တွင် တီစူပါ (၁/၂)အိတ်၊ ဂျစ်ပဆန် (၂၅)ကီလို
  - စိုက်ပြီး(၂၀)ရက်သားတွင် ယူရီးယား (၁/၂)အိတ်+ နွားချေး (၃)အိတ်
  - စိုက်ပြီး (၃၅)ရက်သားတွင်  ယူရီးယား(၁/၄)အိတ်+နွားချေး  (၃)အိတ်၊ ဆီလီကာ (၂၅)ကီလို
  - အနှံမထွက်မီ (၅)ရက်အလိုတွင်  ပိုတက်(၁/၄)အိတ်၊ ယူရီးယား (၁/၄)အိတ် + နွားချေး (၃)အိတ်
- မြေဩဇာထည့်သွင်းပြီးတိုင်း ရေစပ်စပ်ထားရှိ၍ သမန်းနှိုးကိရိယာဖြင့် သမန်းနှိုးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။
- ပေါင်းမြက်များကို လက်ဖြင့်လည်းကောင်း၊ ပေါင်းသတ်ဆေးဖျန်းခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

# ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း) စပါး တစ်ဧက အထွက်နှုန်းတိုးတက်ရေး ဧက(၁၀၀) စံပြကွက်တွင် သိပ္ပံနည်းကျစိုက်နည်းစနစ် ဆောင်ရွက်ချက်များ

- ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်းအနေဖြင့် ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းဖြစ်သော မီးထောင်ချောက်များ ထွန်းညှိခြင်း၊ အဝါရောင်ကော်ထောင်ချောက်များထောင်ခြင်း၊ သဘာဝပိုးပြေးဆေးများပြုလုပ်သုံးစွဲခြင်း၊ ဥကပ်ပါးနဂျီလွှတ်ခြင်းများကိုဆောင်ရွက်ခဲ့ပြီး ပိုးမွှားကင်းထောက်မှတ်တမ်းကောက်ယူခြင်းကို အပတ်စဉ်ဆောင်ရွက်၍ စီးပွားရေးအရ ထိခိုက်နိုင်သောအဆင့်ရောက်မှသာ ပိုးသတ်ဆေးပက်ဖျန်းခြင်း ဆောင်ရွက်ခဲ့ပါသည်။

- စပါးနှံများ ရင့်မှည့်စပြုချိန်တွင် လူနှင့်ရိတ်သိမ်းခြွေလှေ့စက်များ အလွယ်တကူ ဝင်ထွက်နိုင်ရန်နှင့် အောက်ခံမြေမာလာစေရန် အောင်ရေထုတ်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

- စပါးနှံ၏ (၈၀-၈၅)% ရင့်မှည့်ချိန်၊ မောင်းညိုချိန်တွင် အလေအလွင့်အနည်းဆုံးနည်းလမ်းဖြစ်သော ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်းဆောင်ရွက်ခဲ့ပါသည်။

# ရွှေဘိုမြို့နယ်၏ သိပ္ပံနည်းကျစိုက်နည်း စနစ်ဖြင့် တစ်ကေအထွက်နှုန်းတိုးတက်ရေး ကေ (၁၀၀)စံပြကွက် ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓါတ်ပုံများ



ဓါတ်မြေဩဇာများကို အချိန်ကိုက် အချိုးညီ ကျွေးနေပုံ



သမန်းနှိုးပေါင်းထိုးကိရိယာဖြင့် ဆောင်ရွက်နေပုံ



ပိုးမွှားကင်းထောက်မှတ်တမ်းကောက်ယူနေပုံ



စုပေါင်းမီးထောင်ချောက် ထွန်းနေပုံ

# ရွှေဘိုမြို့နယ်၏ သိပ္ပံနည်းကျစိုက်နည်း စနစ်ဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေး ဧက (၁၀၀)စံပြကွက် ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓါတ်ပုံများ



ဥကပ်ပါးနဂျီလွှတ်နေပုံ



စံကွက်ရိတ်သိမ်းနေပုံ



(၀.၁၀) စံကွက်ရိတ်သိမ်းထားပုံ



ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေပုံ

# သိပ္ပံနည်းကျစိုက်နည်းစနစ် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထွက်ရှိမှု အခြေအနေ

➢ အထွက်နှုန်းမိတ်ဖက်အရ တစ်ဧက ပျမ်းမျှအထွက်နှုန်း (၆.၆ ပေပတ်လည်) စံကွက်အထွက်

| တောင်သူ ပေါင်း | ကွင်း ပေါင်း | တစ်ဧက ကောက် ကွက်ပေါင်း | အောင်နှံ ပါပင်ပွား | တစ်နှံပါ အစေ့ | တစ်နှံပါ အောင်စေ့ | အစေ့ (၁၀၀၀) အလေးချိန် | အထွက် တင်း |
|---|---|---|---|---|---|---|---|
| ၂၅ | ၂ | ၇၃၀၀၀ | ၁၄ | ၁၀၁ | ၈၉ | ၂၇ | ၁၁၇.၆၀ |

| နို့ဆီဗူးအထွက် | | | အလေးချိန်အထွက် | | |
|---|---|---|---|---|---|
| အစို | | အခြောက် တင်း (၁၄%) | အစို | | အခြောက် တင်း (၁၄%) |
| နို့ဆီဗူးပေါင်း | တင်း/ဧက | | ပေါင် | တင်း/ဧက | |
| ၁၄.၅၃ | ၁၁၃.၅၂ | ၁၀၄.၂၈ | ၅၆၄၈ | ၁၁၂.၇၈ | ၁၁၂.၂၃ |

# ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း)စပါးကို သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် တစ်ဧက အထွက်နှုန်းတိုးတက်ရေး ဧက(၁၀၀) စံပြကွက် ဆောင်ရွက်ခြင်းဖြင့် တွေ့ရှိချက်

| စဉ် | ထွက်ရှိမှုအဆင့် | အောင်နှံ့ပါပင်ပွား | တစ်နှံ့ပါအောင်စေ့ | အထွက်တင်း |
|---|---|---|---|---|
| ၁ | အမြင့်ဆုံး | ၁၈ | ၉၇ | ၁၂၆.၇၉ |
| ၂ | အနိမ့်ဆုံး | ၁၃ | ၈၀ | ၁၀၈.၅၉ |
| ၃ | ဧက (၁၀၀) ပျမ်းမျှ | ၁၄ | ၈၉ | ၁၁၇.၆၀ |

## ရွှေဘိုခရိုင်၏ ပေါ်ဆန်းရင်(ရွှေဘိုပေါ်ဆန်း)စပါး သမရိုးကျစိုက်နည်းစနစ်ဖြင့် နှစ်အလိုက် စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ

| စဉ် | ခုနှစ် | စိုက်ဧက | ရိတ်ဧက | နှုန်း | အထွက်တင်း |
|---|---|---|---|---|---|
| ၁ | ၂၀၁၈-၂၀၁၉ | ၂၄၆၅၃၇ | ၂၄၆၄၀၂ | ၈၃.၄၁ | ၂၀၅၅၄၄၉၁ |
| ၂ | ၂၀၁၉-၂၀၂၀ | ၂၆၃၇၂၆ | ၂၅၆၅၉၁ | ၈၂.၀၃ | ၂၁၀၄၇၄၁၁ |
| ၃ | ၂၀၂၀-၂၀၂၁ | ၂၄၃၄၅၆ | ၂၃၅၂၆၆ | ၈၂.၅၆ | ၁၉၄၂၃၈၉၅ |
| ၄ | ၂၀၂၁-၂၀၂၂ | ၂၄၀၉၂၆ | ၂၃၈၉၅၉ | ၈၃.၈၀ | ၂၀၀၂၄၈၇၄ |
| ၅ | ၂၀၂၂-၂၀၂၃ | ၂၂၇၅၅၄ | ၂၂၇၅၅၄ | ၈၂.၈၁ | ၁၈၈၄၃၈၄၅ |
| ၅နှစ်ပျမ်းမျှ | | ၂၄၄၄၄၀ | ၂၄၀၉၅၄ | ၈၂.၉၂ | ၁၉၉၇၈၉၀၃ |

## ရွှေဘိုမြို့နယ်တွင် ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း)စပါး တစ်ဧက အထွက်နှုန်း တိုးတက်ရေး (သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်) စံပြကွက် ဆောင်ရွက်ခဲ့မှု အခြေအနေ

| စဉ် | ဆောင်ရွက်ခဲ့သည့် ခုနှစ် | ကျေးရွာ အုပ်စု | စပါးမျိုး အမည် | စိုက် ဧက | ရိတ် ဧက | အထွက် နှုန်း | အထွက် တင်း |
|---|---|---|---|---|---|---|---|
| ၁ | ၂၀၂၁-၂၀၂၂ (မိုးစပါး) | မြင်းချင်း | ပေါ်ဆန်းရင် | ၁၀၀ | ၁၀၀ | ၁၁၂.၇၈ | ၁၁၂၇၈ |

# ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း) စပါး တစ်ဧက အထွက်နှုန်းတိုးတက်ရေး စံပြကွက် ဆောင်ရွက်ခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူး

- သိပ္ပံနည်းကျ စိုက်နည်းစနစ် ဆောင်ရွက်ခြင်းဖြင့် ပင်ပွားစည်းမှုကောင်းပြီး အနှံပါ ပင်ပွားအရေအတွက်များ၍ တစ်နှံပါအောင်စေ့ များခြင်းကြောင့် သမရိုးကျစိုက်ပျိုး ခြင်းထက် အထွက်နှုန်းပိုမိုတိုးတက်ရရှိခြင်း

- ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းစနစ်ကျင့်သုံးသောကြောင့် သမရိုးကျစိုက်ပျိုး ခြင်းထက် ပိုးမွှားရောဂါကျရောက်မှုလျော့ပြီး ဓါတုပိုးသတ်ဆေးအသုံးပြုမှုလျော့ချ၍ အရည်အသွေးကောင်းသီးနှံများ ထွက်ရှိခြင်း

- သမရိုးကျစိုက်ပျိုးခြင်းထက် အထွက်နှုန်းပိုမိုတိုးတက်ရရှိသဖြင့် တောင်သူများ ဝင်ငွေပိုမိုတိုးတက်ရရှိခြင်း

# ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း) စပါး တစ်ဧကေ အထွက်နှုန်းတိုးတက်ရေး ဧက (၁၀၀) စံပြကွက် ဆောင်ရွက်ခြင်းမှ တွေ့ရှိချက်များကို ပညာပေး ဆောင်ရွက်ထားမှု အခြေအနေ



❖ပညာပေးသင်တန်းဆောင်ရွက်မှု အခြေအနေ

| စဉ် | အကြောင်းအရာ | အကြိမ် | တက်ရောက်သည့်တောင်သူ |
|---|---|---|---|
| ၁ | သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ | ၁ | ၂၅ |
| ၂ | ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်း | ၁ | ၂၅ |
| ၃ | သဘာဝမြေဩဇာနှင့်သဘာဝပိုးပြေးဆေးပြုလုပ်သုံးစွဲနည်း | ၁ | ၂၅ |

❖ကွင်းသရုပ်ပြပွဲများဆောင်ရွက်မှု အခြေအနေ

| စဉ် | အကြောင်းအရာ | အကြိမ် | တက်ရောက်သည့်တောင်သူ |
|---|---|---|---|
| ၁ | စိုက်ပြီး၄၅ရက်သားတွင်ဥကပ်ပါးနဂျီလွှတ်ခြင်းနှင့် ပိုးမွှားကင်းထောက်မှတ်တမ်းယူခြင်း | ၁ | ၂၅ |
| ၂ | ယူရီးယားမြေဩဇာနှင့်သဘာဝမြေဩဇာရောစပ်အသုံးပြုခြင်း | ၁ | ၂၅ |
| ၃ | စံကွက်ရိတ်သိမ်းခြင်း | ၁ | ၂၅ |

# ရွှေဘိုမြို့နယ်၏ သိပ္ပံနည်းကျစိုက်နည်း စနစ်ဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေး ဧက (၁၀၀)စံပြကွက်အတွက် ပညာပေးဆောင်ရွက်ခဲ့မှု မှတ်တမ်းဓါတ်ပုံများ





ယူရီးယားမြေဩဇာနှင့် သဘာဝမြေဩဇာ
ရောစပ်အသုံးပြုခြင်းကွင်းပြပွဲပြုလုပ်နေပုံ



သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းသင်တန်း
ဆောင်ရွက်နေပုံ



သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ
ပညာပေးနေပုံ



ဘက်စုံပိုးမွှားရောဂါကာကွယ်နည်းများ
ပညာပေးနေပုံ

# ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း) စပါး တစ်ဧက အထွက်နှုန်းတိုးတက်ရေး သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် စံပြကွက် ဆောင်ရွက်ခဲ့မှုအပေါ် အကြံပြုသုံးသပ်ချက်

- သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို တိတိကျကျလိုက်နာဆောင်ရွက်ခြင်းဖြင့်စပါးအထွက်နှုန်းတိုးတက်သည်ကို စံပြကွက်ဆောင်ရွက်သော တောင်သူများလက်တွေ့သိရှိလာပြီးနောင်လာမည့် စိုက်ပျိုးရာသီတွင် ထိုနည်းစနစ်များအတိုင်း လိုက်နာဆောင်ရွက် စိုက်ပျိုးလာနိုင်ခြင်း

- စံပြကွက်ဆောင်ရွက်သည့်တောင်သူများမှတဆင့် အခြားတောင်သူများအား သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို လက်ဆင့်ကမ်းမျှဝေပေးခြင်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာပြီး စပါးအထွက်နှုန်း များပိုမိုတိုးတက်ရရှိလာစေခြင်း

- အရည်အသွေးကောင်း ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း)စပါးကို ယခုကဲ့သို့ သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် တစ်ကွင်းတစ်စပ်တည်း စံပြကွက်များကို ဆောင်ရွက်ပြသခြင်းအားဖြင့် တောင်သူများနည်းပညာဖွံ့ဖြိုးတိုးတက်သည့်အပြင် သီးနှံအရည်အသွေးနှင့် အထွက်နှုန်းကိုပါ အမှန်တကယ်တိုးတက်ထွက်ရှိသည့်အတွက် တောင်သူများ ဝင်ငွေတိုးတက်စေပြီး စီးပွားရေးပိုမိုတိုးတက်စေသောကြောင့် ပိုမိုဆောင်ရွက်သင့်သော ပညာပေးလုပ်ငန်းဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ကျေးဇူးတင်ပါသည်။

